# ဝဇိရဗုဒ္ဓိ အရှင် (အေဒီ ၁၂-ရာစုမတိုင်မီ)

## ဝဇိရဗုဒ္ဓိဋီကာကျမ်းပြု

အရှင်ကေလာသ

အရှင်ဝဇိရဗုဒ္ဓိသည် ဝိနည်းအဋ္ဌကထာ၏ အဖွင့်ဋီကာကို အဦးဆုံးရေးသားသည့် ဋီကာရှင်ဖြစ်သည်။ ယင်းဋီကာကို ကျမ်းပြုပုဂ္ဂိုလ်၏ အမည်အတိုင်း ဝဇိရဗုဒ္ဓိဋီကာဟုပင် အခေါ်များသည်။ သာရတ္ထဋီကာ၌လည်း **ဝဇိရဗုဒ္ဓိဋီကာ**ဟု ပင်ခေါ်ဝေါ်သုံးနှုန်းခဲ့သည်[၁]။ ကျမ်းပြုသူကမူ နိဂုံး၌ **'ဂဏ္ဌိဋ္ဌာနဝိကာသနာ'**ဟု အမည်ပေးခဲ့သည်။ ဤအရှင်စီရင်သည့် အခြားကျမ်းများရှိကြောင်း ခိုင်လုံသည့် အထောက်အထား မတွေ့ရချေ။ သီဟိုဠ်စာပေသမိုင်းတို့၌လည်း ဝဇိရဗုဒ္ဓိမထေရ်နှင့် ၎င်း၏ဋီကာအကြောင်း ဖော်ပြချက် အနည်းငယ်သာ တွေ့ရသည်။ သို့ရာတွင် ဝဇိရဗုဒ္ဓိဋီကာသည် ရှေးကျပြီး စာပေတန်ဖိုးမြင့်သော ကျမ်းစာဖြစ်သည်။

### တောင်းပန်သူမရှိ

အရှင်မြတ် ဝိနည်းအဋ္ဌကထာ၏ အဖွင့်ဋီကာကို ရေးသားရခြင်းမှာ ပုဂ္ဂိုလ်တစ်ဦးဦးက တိုက်တွန်းတောင်းပန်၍ မဟုတ်ချေ။ မိမိ၏ အလိုဆန္ဒအလျောက် ရေးသားခြင်းဖြစ်သည်။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ၏ဂန္ထာရမ္ဘ၌-

"သဒ္ဓေပကာမေန မမာသယေန၊
သဗ္ဗော ဒိတော ဘိက္ခုဟိတဉ္စ ဒိသွာ။
"အကျဉ်းအားဖြင့် (အဖွင့်ဋီကာ)ရေးသားလိုသည့် မိမိ၏ ဆန္ဒလှုံ့ဆော်ခြင်း၊ နောင်လာနောင်သား ရဟန်းတော်များ၏ အစီးအပွားကို ရှုမြင်ခြင်းတို့ကြောင့် (ဤဝိနယဋီကာကို ရေးသားပေအံ့)"

ဟုမိန့်ဆိုထားသည်။

### ကိုးကားကျမ်းများ

အရှင်ဝဇိရဗုဒ္ဓိသည် မိမိဋီကာ၌ အာစရိယဝါဒအနေဖြင့် ဗုဒ္ဓမိတ္တမထေရ်၊ ခုဒ္ဒသိက္ခာကျမ်းပြု ဓမ္မသိရိမထေရ်၊ ဥပတိဿမထေရ်၊ **ကလသပုရ**ဝါသီ အာနန္ဒမထေရ်နှင့် ကျမ်းဂန်များအနေဖြင့် မိမိနှင့်အမည်တူ အခြားအရှင်ဝဇိရဗုဒ္ဓိ တစ်ပါးပြုစုသည့် အနုဂဏ္ဌိပဒ၊ ခုဒ္ဒသိက္ခာကျမ်းပြု အရှင်ဓမ္မသိရိပင်ရေးသားသည့် ဂဏ္ဌိပဒ၊ သီဟိုဠ်ရှေးဆရာတို့ ရေးခဲ့ဖွယ်ရှိသော ပေါရာဏဂဏ္ဌိပဒနှင့် ပါကတိကဂဏ္ဌိပဒ၊ အန္ဓကအဋ္ဌကထာ၊ မဟာအဋ္ဌကထာ၊ မဟာပစ္စရိအဋ္ဌကထာ၊ ကုရုန္ဒိအဋ္ဌကထာကျမ်းများကို ကိုးကားဖော်ပြခဲ့သည်။

သို့ရာတွင် အရှင်မဟာဗုဒ္ဓဃောသနှင့် ခေတ်ပြိုင်ဟု ယူဆရသည့် အရှင်ဗုဒ္ဓဒတ္တ၏ ဝိနယဝိနိစ္ဆယနှင့် ဥတ္တရဝိနိစ္ဆယကျမ်းတို့ကို မဖော်ပြဘဲ အရှင်ဗုဒ္ဓဒတ္တထက်နောက်ကျနိုင်သူ အရှင်အာနန္ဒာ၏ အဆိုအမိန့်များကိုမူ လှိုင်လှိုင်ကြီးဖော်ပြခြင်း၊ အဋ္ဌကထာနှင့် ဋီကာကျမ်းပေါင်းများစွာ ရေးသားခဲ့သည့် အရှင်ဓမ္မပါလ၏ အဆိုအမိန့်များကို မဖော်ပြခြင်းတို့မှာ ထူးခြားသည်။ အရှင်အာနန္ဒာမထေရ်သည် သီဟိုဠ်တွင်သီတင်းသုံး၊ စာပေပို့ချပြီး အဘိဓမ္မမူလဋီကာကို ရေးသဖြင့် သီဟိုဠ်ကျွန်း၌ ထင်ရှားသော်လည်း အရှင်ဗုဒ္ဓဒတ္တနှင့် အရှင်ဓမ္မပါလတို့မှာ အိန္ဒိယတောင်ပိုင်း၌ သီတင်းသုံးပြီး ကျမ်းစာရေးသားကြသဖြင့် အရှင်ဝဇိရဗုဒ္ဓိတို့ခေတ်က ထိုအရှင်တို့၏ကျမ်းစာများ သီဟိုဠ်သို့ မရောက်သေး၍လောဟု စဉ်စားဖွယ်ဖြစ်သည်။ သို့တည်းမဟုတ် အဘိဓမ္မမူလဋီကာကျမ်းပြု **အာနန္ဒဝနရတနတိဿ**နှင့် အရှင်ဝဇိရဗုဒ္ဓိ လေးစားသည့် **ကလသပုရဝါသီအာနန္ဒ**တို့ မတူ၍လောဟုလည်း စဉ်းစားနိုင်ရာသည်။

### ကျမ်းပြုဇာတိ

ကျမ်းပြုပုဂ္ဂိုလ်၏ နေရပ်ဒေသနှင့်ပတ်သက်၍ ကျမ်းစာတွင် ဖော်ပြထားခြင်းမရှိ။ သို့ဖြစ်၍ ကျမ်းပြုပုဂ္ဂိုလ်၏ မွေးရပ်ဇာတိကို အတိအကျဖော်ပြရန် မဖြစ်နိုင်ချေ။ အနီးစပ်ဆုံး ဆိုနိုင်သည်မှာ အရှင်မြတ်၏ ရေးသားပုံကိုကြည့်၍ ခန့်မှန်းရန်သာဖြစ်သည်။ ကျမ်းပြုပုဂ္ဂိုလ်သည် သီဟိုဠ်ဘာသာဖြင့် ဖော်ပြ၍ ဖွင့်ဆိုသည်ကို တွေ့ရသည်။

**ပစ္စရီ** နာမ သီဟဠဘာသာယ ဥဠုမ္ပံ ကိရ (ဝဇိရ-ဋီ၊ ၁၇)။ **မဒနဖလဝသာဒီနီ**တိ ဧတ္ထ သီဟဠဘာသာယ ကိရဝသ ဣတိ ဝိသဇ္ဇိ အတ္ထော(၎င်း၊ ၁၂၉)စသည်ဖြင့် သီဟိုဠ်ဘာသာ စကားများကို ဖော်ပြ၍ဖွင့်ဆိုခြင်း၊ **အန္တရသမုဒ္ဒေ**တိ အတုရုမုဟုဒေ (၎င်း၊ ၁၂၆) စသည်ဖြင့် သီဟိုဠ်ဝေါဟာရများကို သုံးနှုန်းထားခြင်းတို့ကြောင့် အရှင်မြတ်သည် သီဟိုဠ်ဇာတိ ဖြစ်ဖွယ်ရှိသည်။ သီဟိုဠ်ပါဠိစာပေသမိုင်း၌မူ ကလျာဏီကျောက်စာကို ကိုးကားပြီး သီဟိုဠ်၌ ရေးသော ကျမ်းဖြစ်ကြောင်းဖော်ပြသည်[၂]။

### ကျမ်းပြုခေတ်

ကျမ်းပြုပုဂ္ဂိုလ် ပေါ်ပေါက်ရာခေတ်တို့ကို ဖော်ပြရန်လည်း ခဲယဉ်းသည်။ သာရတ္ထဒီပနီဋီကာကျမ်းက ဝဇိရဗုဒ္ဓိဋီကာကို

---

[၁] သာရတ္ထ-ဋီ ၁၊ ၇။

[၂] The Pali Literature of Ceylon, p. 258

ဝေဖန်ထားသဖြင့် အရှင်ဝဇိရဗုဒ္ဓိသည် အရှင်သာရိပုတ္တရာ မတိုင်မီ ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်ဟုသာဆိုနိုင်သည်။ အရှင်သရိပုတ္တရာသည် သီဟိုဠ်ကျွန်း ပထမပရက္ကမဗာဟုမင်း (၁၁၅၃-၁၁၈၆)လက်ထက်တွင် ထင်ရှားသော မထေရ်ဖြစ်သည်။ ထိုမင်းသည် မြန်မာနိုင်ငံ ပုဂံ၌နန်းစံသော နရပတိစည်သူမင်းနှင့် ခေတ်ပြိုင်ဖြစ်သည်။

အရှင်သာရိပုတ္တရာသည် သာရတ္ထဋီကာ၏ ဂန္ထာရမ္ဘ၌ "ပေါရာဏေဟိ ကတံ ယံတု" ဟု ဝဇိရဋီကာကို ရည်ညွှန်း၍ "ပေါရာဏ"ဟု သုံးနှုန်းခဲ့သဖြင့် အရှင်သာရိပုတ္တရာထက် အတော်အတန် ရှေးကျဖွယ်ရှိသည်။ သာရတ္ထဋီကာခေတ်၌ အလှမ်းဝေးနိုင်ပြီဖြစ်သည့် မဟာအဋ္ဌကထာ၊ အန္ဓက၊ ကုရုန္ဒီနှင့် မဟာပစ္စရိစသော ရှေးဟောင်းအဋ္ဌကထာလာဝါဒများကို ပိုင်နိုင်စွာ ထုတ်ပြနိုင်ခြင်းတို့က အတော်အတန် ရှေးကျသည်ဟူသောအချက်ကို အားသာစေသည်။

ကင်္ခါဋီကာဟောင်းကို ပြုစုသူသည် ဝဇိရဋီကာရှင်၏ တပည့် သို့မဟုတ် ရင်းနှီးသူမိတ်ဆွေ ဖြစ်ဖွယ်ရှိသည်။ အကြောင်းမူ နေရာများစွာတို့၌ ဝဇိရဋီကာမှစာပိုဒ်များကို အရေးတယူ ကိုးကားဖော်ပြသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။ "က္ကတော ပဋ္ဌာယ လိခိတန္တိ ဝုတ္တေ **ဝဇိရဗုဒ္ဓိ** ထေရေနာတိ ဂဟေတဗ္ဗံ[၁]။ ဤနေရာမှ၍ ရေးသားအပ်ဟု ဆိုလျှင် အရှင်ဝဇိရဗုဒ္ဓိ(ရေးခဲ့သည်)ဟု ယူရမည်" ဟူ၍လည်း ညွှန်းဆိုခဲ့သည်။ ကင်္ခါဋီကာသစ်ကိုမူ အရှင်သာရိပုတ္တရာ၏ တပည့်ရေးသဖြင့် ဝဇိရဗုဒ္ဓိဋီကာကို ရည်ညွှန်းကိုးကားသည့် ကင်္ခါဋီကာဟောင်းပင် အရှင်သာရိပုတ္တရာ ခေတ်ထက် စောပုံရသည်။

ထို့ကြောင့် သာရတ္ထဋီကာခေတ် အေဒီ ၁၂-ရာစု မတိုင်မီ အရှင်အာနန္ဒာတို့ခေတ် အေဒီ ၇-ရာစုနောက်ပိုင်း သို့မဟုတ် အရှင်အာနန္ဒာတို့ထက် အလွန်ကြီးနောက်မကျသည့် ရာစုအတွင်း ဝဇိရဗုဒ္ဓိဋီကာရှင် ပေါ်ထွန်းသည်ဟု ခန့်မှန်းနိုင်ဖွယ်ရှိသည်။

## ကွင်းဆက်များ

ဝဇိရဗုဒ္ဓိဋီကာရှင်သည် ကလသပုရဝါသီ အရှင်အာနန္ဒာအား အလွန်လေးစားပုံရသည်။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ၌ အောက်ပါ မိန့်ဆိုချက်ကို တွေ့ရသည်-

"က္ကတော ပဋ္ဌာယ ယတ္ထ ယတ္ထ အာစရိယေန လိခိတန္တိ ဝါ အာစရိယဿ တက္ကောတိ ဝါ ဝုစ္စတိ။ တတ္ထ အာစရိယော နာမ **အာနန္ဒာ**စရိယော **ကလသပုရဝါသီ**တိ ဂဟေတဗ္ဗော[၂]။

[၁] ကင်္ခါ-ပုရာဏဋီ၊ ၃။
[၂] ဝဇိရ-ဋီ၊ စာ- ၃၅။

"နောင်တွင် ဆရာသည်ရေးအပ်၏ဟုဖြစ်စေ၊ ဆရာ၏ အယူအဆတည်းဟုဖြစ်စေ ဆိုသည်ကိုတွေ့လျှင် ဆရာဟူသည် **ကလသပုရ**အရပ်နေ အရှင်အာနန္ဒာ ဆရာဟု ယူပါ"

အနုဋီကာကျမ်းပြု အရှင်ဓမ္မပါလက မူလဋီကာရှင် အရှင်အာနန္ဒာမထေရ်က 'ကေစိ'ဟု နှိမ်၍ဆိုခံရသည့် ပုဂ္ဂိုလ်မှာ အရှင်ဓမ္မသိရီဖြစ်ကြောင်း ဆိုခဲ့သည်[၃]။ သို့ရာတွင် ယင်းအရှင်ဓမ္မသိရီမှာ မည်သည့်ကျမ်းကိုရေးကြောင်း အနုဋီကာ၌ ဖော်ပြခြင်းမရှိ။ တစ်ဖန် ဝဇိရဗုဒ္ဓိဋီကာရှင်ကလည်း နာမည်တူ အရှင်ဓမ္မသိရီနာမည်ကို ပြဆိုသည်။

မြန်မာနိုင်ငံသာသနာ့ဂန္ထဝင်တွင် ထင်ရှားပြီး နိဿယကျမ်းပေါင်း မြောက်မြားစွာကို ရေးသားပြုစုတော်မူခဲ့သော ဆရာတော်ဦးဗုဓ်သည် အဆိုပါ**ဝဇိရဗုဒ္ဓိဋီ**ကာ၌ ညွှန်းဆိုသည့် အရှင်အာနန္ဒာနှင့် မူလဋီကာကျမ်းပြု အရှင်အာနန္ဒာ၊ မူလဋီကာ၌ ကေစိထိုးခံရသည့် အရှင်ဓမ္မသိရီနှင့် ခုဒ္ဒသိက္ခာကျမ်းပြု အရှင်ဓမ္မသိရီတို့ကို အတူတူဟု ယူဆခဲ့သည်[၄]။ ဝဇိရဗုဒ္ဓိဋီကာတွင် -

**ဓမ္မသိရိတ္ထေရော** ပနာဟ-
'အတ္တနော အညတော လာဘံ၊
သံဃဿညဿ ဝါ နတံ။
ပရိဏာမေယျ နိဿဂ္ဂိ၊
ပါစိတ္တိ စာပိ ဒုက္ကဋ'န္တိ[၅] ဟု ဖော်ပြချက်တစ်ရပ်ပါရှိသည်။

အဓိပ္ပါယ်မှာ "အရှင်ဓမ္မသိရိမထေရ်က 'အတ္တနော ။ပ။ စာပိ ဒုက္ကဋံ' ဟုဆိုထားသည်"ဟု ဖြစ်သည်။ ဖော်ပြပါဂါထာမှာ ခုဒ္ဒသိက္ခာဂါထာအမှတ် ၁၃၉-ဖြစ်သည်။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာရှင် ရည်ညွှန်းခဲ့သည့် အရှင်ဓမ္မသိရိမှာ ခုဒ္ဒသိက္ခာကျမ်းပြုပုဂ္ဂိုလ်ဖြစ်သည်မှာ သေချာသည်။ ဝဇိရဗုဒ္ဓိအလိုအရ ထိုဓမ္မသိရိထေရ်သည် ဝိနယဂဏ္ဌိပဒကျမ်းကိုလည်း ရေးသားခဲ့သည်[၆]။

ဝဇိရဗုဒ္ဓိ၌ဖော်ပြသည့် ကလသပုရဝါသီ အရှင်အာနန္ဒာနှင့် မူလဋီကာကျမ်းပြု အရှင်အာနန္ဒာ အတူတူဖြစ်သည်ဟူသော ဆရာတော်ဦးဗုဓ်၏ ယူဆနှင့်ပတ်သက်၍မူ ယင်းသို့တူညီ ကြောင်းဖော်ပြရန် ကျမ်းစာအထောက်အထား မတွေ့ရသေးသကဲ့သို့ ငြင်းဆိုရန်လည်း အထောက်အထားမရှိချေ။

ဝဇိရဗုဒ္ဓိဋီကာ၌ပင် 'ယတ္ထ အနုဂဏ္ဌိပဒေတိ၊ တတ္ထ **ဝဇိရဗုဒ္ဓိတ္ထေရဿ အနုဂဏ္ဌိပဒေ**တိ ဂဟေတဗ္ဗံ[၇]' ဟု အရှင်ဝဇိရဗုဒ္ဓိ၏ အနုဂဏ္ဌိပဒကိုညွှန်းဆိုချက် တွေ့ရသည်။

[၃] အနုဋီ ၁၊ ၉၁-စသည်။ [၄] ခုဒ္ဒသိက္ခာနိဿယ၊
[၅] ဝဇိရ-ဋီ၊ စာ-၂၈၄။
[၆] ယတ္ထ ယတ္ထ ဂဏ္ဌိပဒေတိ ဝုစ္စတိ၊ တတ္ထ တတ္ထ **ဓမ္မသိရိတ္ထေရဿ** ဂဏ္ဌိပဒေတိ ဂဟေတဗ္ဗံ။ ဝဇိရ-ဋီ၊ ၉၅။
[၇] ဝဇိရ-ဋီ၊ ၉၆။

ထိုအတူ ‘ယေ စ ဝဒန္တီတိ ဧတ္ထ ယေ စာတိ **ဝဇိရဗုဒ္ဓိတ္ထေရံ** သန္ဓာယာဟ[၁]’ဟု အနုဋီကာဖွင့်ဆိုချက်ကိုလည်းတွေ့ရသည်။ အရှင်ဓမ္မပါလ၏ အနုဋီကာ၌ ဖော်ပြသည့် အရှင်ဝဇိရဗုဒ္ဓိသည် ဝဇိရဗုဒ္ဓိဋီကာလာ အနုဂဏ္ဌိပဒကျမ်းပြု အရှင်ဝဇိရဗုဒ္ဓိ ဖြစ်ဖွယ်ရှိသည်။ သို့ဖြစ်လျှင် ဝဇိရဗုဒ္ဓိဋီကာရှင်ကို အရှင်ဓမ္မပါလနှင့် အရှင်အာနန္ဒာတို့ထက် အလွန်နောက်မကျဟုပင် ဆိုနိုင်သည့်ပြင် ဆရာတော်ဦးဗုဓ်၏ အာနန္ဒာနှစ်ပါးအတူတူ အယူအဆကိုလည်း အလေးသာစေသည်။

ဝဇိရဗုဒ္ဓိ၌ပင် အောက်ပါအတိုင်း ဖော်ပြထားသည်-

“**ဥပတိဿ**ထ္ထေရော ဝဒတီတိ **အနုဂဏ္ဌိပဒေ** ဝုတ္တံ[၂]။ ဥပတိဿမထေရ်က မိန့်ဆိုကြောင်း အနုဂဏ္ဌိပဒ၌ ဆိုထားသည်”

ဤစကားအရ **ဥပတိဿ**မထေရ်သည် အနုဂဏ္ဌိပဒရေးသူ အရှင်ဝဇိရဗုဒ္ဓိထက် ရှေးကျနိုင်သည်။ ထို့ပြင် အနုဋီကာ၌ ဖော်ပြသည့် (မူလဋီကာလာ **ယေ စ**-အရ) အရှင်ဝဇိရဗုဒ္ဓိကို **ဝိနယအနုဂဏ္ဌိပဒ**ရေးသူဟု ယူဆနိုင်လျှင် ယင်းအနုဋီကာပြု အရှင်ဝဇိရဗုဒ္ဓိသည် မူလဋီကာရှင်ထက် ရှေးကျပြန်သည်။ ဥပတိဿမထေရ်ဟူသည်ကိုလည်း အရှင်မဟာဗုဒ္ဓဃောသနှင့်ခေတ်ပြိုင် ခုဒ္ဒသိက္ခာကျမ်းပြု အရှင်ဓမ္မသိရိနှင့် ဆရာတူတပည့်ဟု ယူဆနိုင်ရာသည်။

ထိုမထေရ်တို့မှာ အရှင်မဟာဗုဒ္ဓဃောသ၏တပည့် ဖြစ်ဖူးကြကြောင်း ဝဇိရဗုဒ္ဓိဋီကာ၌ ဆိုထားသည်-

“အာစရိယာ နာမ **ဗုဒ္ဓမိတ္တတ္ထေရ ဓမ္မသိရိတ္ထေရ ဥပ-တိဿတ္ထေရာဒယော** ဂဏ္ဌပါမောက္ခာ၊ အဋ္ဌကထာစရိယဿ စ သန္တိကေ သုတပုဗ္ဗာ။ တတော အညေ ဧကေတိ ဝေဒိတဗ္ဗာ[၃]။

ဆရာအရှင်တို့ဟူသည် အရှင်ဗုဒ္ဓမိတ္တ၊ အရှင်ဓမ္မသိရိနှင့် ဥပတိဿစသော ဂိုဏ်း၏အကြီးအကဲထေရ်များကိုဆိုလို၏။ ထိုမထေရ်တို့သည် အဋ္ဌကထာဆရာ (အရှင်မဟာဗုဒ္ဓဃောသကို ရည်ရွယ်ပုံရသည်)၏ထံ၌ ပိဋကတ်အဆုံးအဖြတ်ကို ကြားနာဖူးကြသည်။ ယင်းမှတစ်ပါးသောပုဂ္ဂိုလ်များကို ဧကေဟု မှတ်ပါ”

အထက်ပါ ဖော်ပြချက်၌ **အရှင်ဗုဒ္ဓမိတ္တ**ထေရ်ဟူသည် အရှင်မဟာဗုဒ္ဓဃောသအား မဇ္ဈိမနိကာယ်အဋ္ဌကထာကို ရေးသားရန် တောင်းပန်သူလောဟု ယူဆဖွယ်ဖြစ်သည်။

ဖော်ပြပါ ကွင်းဆက်များကိုအခြေခံ၍ ရှေးခေတ်ဂန္ထဝင်ကျမ်းပြုပုဂ္ဂိုလ်တို့၏ ခေတ်ကာလနှင့်ပတ်သက်၍ အတွေး အမြင်သစ်များ ရရှိနိုင်ရာသည်။

---

[၁] အနုဋီ ၃၊ ၂၁၂။ [၂] ဝဇိရ-ဋီ၊ ၂၆၇။

[၃] ဝဇိရ-ဋီ၊ စာ-၁၄၇။

**ဝေဖန်ခံရခြင်း**

ဝဇိရဗုဒ္ဓိဋီကာရှင်သည် ယူဆချက်တစ်ရပ်ကို ပြတ်သားစွာဆုံးဖြတ်ချက် မချပြနိုင်၊ ဘာသာစကားရောပွမ်း၍ ဖွင့်ပြသဖြင့် ဋီကာရှင်၏ ဘသန္တရဗဟုသုတကို ချီးမွမ်းသင့်သော်လည်း စာရှုပရိသတ် နားမလည်နိုင်ဘဲ အခက်အခဲများနှင့် ကြုံတွေ့ရသည် စသည်ဖြင့် ဝဇိဗုဒ္ဓိဋီကာအပေါ် နှောင်းခေတ်ပညာရှင်တို့ ဝေဖန်ထောက်ပြကြသည်။ **တဏ္ဍုလေယျကန္တိ** စူဠကုဟု၊ **ဝတ္ထုလေယျကန္တိ** မဟာကုဟု၊ **ဟန္တာလန္တိ** ကိတိလိ(ဝဇိရ-ဋီ၊ ၃၂၀)စသည်ဖြင့် ဝဇိရဗုဒ္ဓိဋီကာ၌ သီဟဠ္ဍရှေးသုံး ပေါရာဏစကားတို့ကို ဖော်ပြသဖြင့် သာရတ္ထဋီကာရှင်က ဝိနယဋီကာသစ်ကို ထပ်မံရေးသားရခြင်း၏အကြောင်းကို အောက်ပါ အတိုင်း ဖော်ပြခဲ့သည်-

“မာဂဓိကာယ ဘာသာယ၊ အာရဘိတ္វာပိ ကေနစိ၊
ဘာန္တရေဟိ သမ္မိဿံ၊ လိခိတံ ကိဉ္စိဒေဝ စ။
အသာရဂန္ထဘာရောပိ၊ တတ္ထေဝ ဗဟု ဒိဿတိ[၁]။
အချို့မှာ မာဂဓီ(ပါဠိ)ဘာသာဖြင့် ရေးသားသော်လည်း ဘာသာခြားစာပေ (စကား)ဖြင့် ရောပွမ်းဖွင့်ဆိုထား၏။ မလိုအပ်ဘဲ ကျမ်းလေးအောင် ထည့်သွင်းဖော်ပြထားသည်ကိုလည်း ထိုကျမ်း၌ များစွာ တွေ့ရသည်”

**သာရတ္ထဋီကာရှင်**သည် ဝဇိရဗုဒ္ဓိဋီကာမှ မိမိအယူအဆနှင့်မတူသည့် အချက်ပေါင်း **တစ်ရာကျော်**မျှကို ထုတ်နုတ်၍ ဝေဖန်ရှင်လင်းခဲ့သည်။ တစ်ဖန် သာရတ္ထဋီကာရှင်၏အဆို များကိုလည်း နောက်မကြာမီတွင်ရေးသည့် **ဝိမတိဝိနောဒနီဋီကာ**၌ ထပ်မံငြင်းဆိုဝေဖန်ခဲ့ပြန်သည်။ ရှေးကျသည့်အဋ္ဌကထာ၊ ဋီကာကျမ်းများကို နောက်ကျမ်းများက ဝေဖန်ထောက်ပြသည်မှာ ထုံးစံပင်ဖြစ်သည်။

သို့ရာတွင် ကျမ်းပြုပုဂ္ဂိုလ်များမှာ လဇ္ဇီသူမွန် သီလဝန်များဖြစ်ကြသည့်အတိုင်း တစ်ခါတစ်ရံ စကားလုံးအသုံးကြမ်းတမ်းနိုင်သော်လည်း မိမိက သူ့ထက်သာသည်ဟု မာနထောင်လွှားလို၍ မဟုတ်ဘဲ ဝိနည်းအဆုံးအဖြတ် မှန်ကန်ရေးနှင့် ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားရေးအတွက် ရှေးရှေးပုဂ္ဂိုလ်တို့၏ ကျမ်းစာများ၌ လိုအပ်သည်တို့ကို ထောက်ပြရန်သာ ရည်ရွယ်ခဲ့ကြဖွယ်ရှိသည်။ အများလက်ခံသည့် အဖြေတစ်ရပ်အတွက် ယင်းသို့ စေတနာပါသည့် ဝေဖန်ခြင်းတို့မှာ အရေးကြီးပြီး အမှန်တကယ်လို အပ်သည်။

ဝဇိရဗုဒ္ဓိဋီကာနိဂုံး၌ ကျမ်းပြုပုဂ္ဂိုလ်က မိမိရေးသားချက်များနှင့် ပတ်သက်၍ ပါဠိတော်၊ အဋ္ဌကထာ၊ အာစရိယဝါဒတို့နှင့် မဆန့်ကျင်မှသာယူပြီး ဆန့်ကျင်ဘိမူ စွန့်ပယ်ပါ။ ငြင်းခုန်ရှုပ်ထွေးခြင်းကိုမူ သာသနာတော် ဆုတ်ယုတ်ခြင်း၏ကြောင်းဖြစ်၍ ရှောင်ကြဉ်ပါကုန်ဟု မိန့်မှာထားခဲ့သည်။

---

[၁] သာရတ္ထ-ဋီ ၁၊ ၁ (ပဏာမဂါထာ)

**ထူးခြားချက်များ**

အခြားသော ထေရဝါဒ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့၌ တစ်စွန်းတစ်စဖော်ပြခြင်းမရှိဘဲ ဝဇိရဗုဒ္ဓိဋီကာ၌ ဥပဂုတ္တမထေရ်အကြောင်း ထည်းသွင်းဖော်ပြခြင်းမှာ ထူးခြားသည်။

> "ဧတ္ထာဟ- ကိံ ဘဂဝတော မာရာဝဋ္ဋနပဋိဃာတာယ သတ္တိ နတ္ထီတိ၊ အတ္ထိ၊ တထာပိဿ ပစ္ဆာ **ဥပဂုတ္တ-ကာလေ** ပသာဒဟေတုတ္တာ အဓိဝါသေတိ။ ဧတ္ထ **ဥပဂုတ္တာဓိဋ္ဌာနံ** ဝတ္တဗ္ဗံ [၁]"

အရှင်ဝဇိရဗုဒ္ဓိသည် ဂိုဏ်းတစ်ပါးနှင့်နီးစပ်သူ၊ သို့မဟုတ် ဂုဏ်းတစ်ပါးမှ ဝင်ရောက်လာသူလော ဟူ၍လည်း တွေးဆနိုင်သည်။ အကြောင်းမူ အရှင်မြတ်ညွှန်းဆိုသည့် အရှင်ဥပဂုတ္တထေရ်မှာ ထေရဝါဒ၌မထင်ရှားဘဲ ဂိုဏ်းတစ်ပါး(မဟာယာန)၌သာ အထူးထင်ရှားသောကြောင့်ဖြစ်သည်။

မဟာယာနဗုဒ္ဓဘာသာအလိုအရ မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ အရှင်သာဏဝါသိက-စသည်ဖြင့် ဗုဒ္ဓသာသနာကို ဆက်ခံသည့် ပုဂ္ဂိုလ်စဉ်ကိုဖော်ပြကြသည်။ ယင်းတို့အနက် အရှင်ဥပဂုတ္တထေရ်မှာ စတုတ္ထမြောက်ဖြစ်သည်။ အရှင်ဥပဂုတ္တအကြောင်းကို **အသောကဝဒါန**၊ **ဒိဗျာဝဒါန**နှင့် တိဗက်စာရေးဆရာ တာရာနာထ၏ **အိန္ဒိယဗုဒ္ဓဘာသာသမိုင်း**ကျမ်းတို့၌ ခမ်းနားစွာ ဖော်ပြကြသည်။ အကျဉ်းချုပ်မှာ ဤသို့ဖြစ်သည်-

အရှင်မြတ်ပေါ်ပေါက်ချိန်မှာ အသောကခေတ်တွင်ဖြစ်ပြီး မထုရာမြို့မှ နံ့သာရောင်းသူ၏သား ဖြစ်သည်။ အသက် ၁၇-နှစ်တွင် ရဟန်းပြုပြီး သုံးနှစ်အကြာတွင် ရဟန္တာဖြစ်သည်။ အရှင်သာဏဝါသိထေရ် ပျံလွန်ပြီးနောက် ထိုအရှင်သီတင်းသုံးသည့် မထုရာမြို့အနီး ဥသိရပဗ္ဗတ တောင်ပေါ်ကျောင်း၌ သီတင်းသုံးတော်မူသည်။ မှတ်တမ်းတစ်ခုအရ အရှင်ဥပဂုတ္တထေရ် သမာပတ်ဝင်စားနေခိုက် မာရ်နတ်လာပြီး အရှင်မြတ်၏ခေါင်းတွင် ပန်းခွေလာချသွားသည်။ အရှင်မြတ်သိသောအခါ တန်ခိုးဖြင့် မာနတ်၏ လည်ပင်း၌ လူသေကောင်၏အလောင်းကို တင်းကြပ်စွာ ချည်ထားလိုက်သည်။ နတ်ပြည်တွင် မည်သူမျှဖြုတ်နိုင်စွမ်းမရှိသဖြင့် မာရ်နတ်သည် အရှင်မြတ်ထံလာပြီး တောင်းပန်ရသည်။ နောက်ဆုံးတွင် မဟာပုရိသလက္ခဏာနှင့်ပြည့်စုံသော မြတ်ဗုဒ္ဓ၏ရုပ်သဏ္ဌာန်ကို ဖန်ဆင်းပြမှ ဖြုတ်ပေးမည်ဟု မာရ်နတ်အား အရှင်မြတ်ကဆိုသည်။ မာရ်နတ်က ဖန်ဆင်းပြသောအခါ အရှင်မြတ်သည် အလွန်ကြည်ညိုသွားပြီး ရှိခိုးမိသဖြင့် ထိုခဏ၌ မုန်တိုင်းထန်ခဲ့သည်။

အရှင်မြတ်သည် ဘုန်းတန်ခိုးကြီးမားပြီး ကျော်ကြားသဖြင့် အသောကဘုရင်က ပါဋလိပုတ်သို့ မိမိ၏သာသနာပြုလုပ်ငန်းများကိုကူညီရန် ပင့်လျှောက်သည်။ အရှင်မြတ်သည် အသောကမင်းကြီး ဘုရားဖူးထွက်ရာ၌ ဗုဒ္ဓဝင်နေရာတော်များကို အမှန်အတိုင်း ညွှန်ပြခဲ့ကြောင်းသိရသည်[၂]။

ထို့ပြင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ၌ သာဝက ပါရမီ ပစ္စေကဗောဓိ ဗုဒ္ဓဘူမိ-ဟုဖြစ်စေ (ခုဒ္ဒကပါဌ၊ ၁၀။ ခုဒ္ဒကပါဌ-ဋ္ဌ၊ ၁၉၆)၊ အဘိသမ္ဗောဓိ ပစ္စေကဗောဓိ သာဝကဗောဓိ-ဟုဖြစ်စေ (ဝိသုဒ္ဓိ-ဋီ ၁၊ ၂၆၉) သာမန်ဖော်ပြလေ့ရှိသော်လည်း ဝဇိရဗုဒ္ဓိဋီကာ (ယင်း၊ စာ- ၁၄)၌မူ ဗုဒ္ဓယာန၊ ပစ္စေကဗောဓိယာန၊ သာဝကဗောဓိယာန-ဟု 'ယာန'ဟူသောအသုံးကို တွေ့ရသည်မှာ ဂိုဏ်းတစ်ပါးနှင့်နီးစပ် အယူအဆကို ထောက်ခံသကဲ့သို့ရှိသည်။ သို့ရာတွင် သီလက္ခန္ဓဝဂ္ဂဋီကာသစ် (သီ-ဋီ-သစ် ၁၊ ၃)၌ ဝဇိရဗုဒ္ဓိကို ကိုးကား၍ 'ယာန'ဟုပင် သုံးနှုန်း ဖော်ပြခဲ့ပြန်သည်။

**အချုပ်**

ဝိနယပိဋကတ်၏ အဦးဆုံးဋီကာကျမ်းပြု အရှင်ဝဇိရဗုဒ္ဓိသည် ဆုံးဖြတ်ချက်အချို့ အားနည်းသည်ဆိုစေကာမူ အနည်းဆုံးတော့ ဤဋီကာကို အကြောင်းပြု၍ပင် နောက်ဋီကာတို့ပေါ်လာရသဖြင့် ကျေးဇူးတင်ထိုက်ပါသည်။ လွန်ခဲ့သော နှစ်တစ်ထောင်ကျော်က ကျမ်းစာဖြစ်၍လည်း သမိုင်းအရ တန်ဖိုးကြီးမားပြီး ပါဠိစာပေသမိုင်းဆိုင်ရာ အချက်အလက်များမှာ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာကဲ့သို့ပင် အလေးဂရုပြုထိုက်သည်။ ဝဇိရဗုဒ္ဓိဋီကာ၊ ဝဇိရဗုဒ္ဓိအရှင်မြတ်နှင့်ပတ်သက်၍ သီရိလင်္ကာပါဠိစာပေ သမိုင်းသုတေသီတို့ အဘယ်ကြောင့် အကျယ်တဝင့် ဝေဖန်သုတေသန မပြုကြသနည်းဟူသည်မှာလည်း စဉ်းစားဖွယ်ဖြစ်သည်။ ☺☺☺


**ကျမ်းကိုး**

၁။ ဝဇိရဗုဒ္ဓိဋီကာ

၂။ ဝိဘင်္ဂမူလဋီကာ

၃။ ကင်္ခါအဋ္ဌကထာပုရာဏဋီကာ

၄။ သာရတ္ထဒီပနီဋီကာ

၅။ ခုဒ္ဒသိက္ခာနိဿယ ၊ ဆရာတော်ဦးဗုဓ်။

၆။ Journal, Asiatic Society of Bengal Vol.1151. Part 1. May 1987 P.76-P.84, by L.A. Waddell, LL.D.

၇။ Malalasekera, Pali Literature of Ceylon, p. 258



Ashin Kekasa
1651 E. Manhatton Dr.
Tempe, AZ 85282 USA


[၁] ဝဇိရ-ဋီ၊ ၆၂။

[၂] Journal, Asiatic Society of Bengal Vol.1151. Part 1. May 1987 P.76-P.84